# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## စီမံကိန်းဦးစီးဌာန

## လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်၊ သွင်းကုန်နှင့် ရေထွက်ပစ္စည်း တင်ပို့မှုဆိုင်ရာအစီရင်ခံစာ (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ)



ရက်စွဲ ၂၄ - ၈ - ၂၀၂၃

| စဉ် | မာတိကာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | နိဒါန်း | ၁ |
| ၂။ | ရည်ရွယ်ချက် | ၂ |
| ၃။ | ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက် | ၂ |
| ၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဩဂုတ်လ(၄) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃ |
| ၅။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဩဂုတ်လ(၄) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ | ၃-၄ |
| ၆။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဩဂုတ်လ(၄) ရက်ထိ လယ်ယာထွက်ပစ္စည်း တင်ပို့မှု | ၄-၅ |
| ၇။ | ဆန်နှင့်ဆန်ကွဲ | ၅-၇ |
| ၈။ | ပဲအမျိုးမျိုး | ၇-၁၁ |
| ၉။ | ပြောင်း | ၁၁-၁၂ |
| ၁၀။ | ရာဘာစိမ်း | ၁၂-၁၃ |
| ၁၁။ | နှမ်း | ၁၄ |
| ၁၂။ | ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ | ၁၄-၁၅ |
| ၁၃။ | (၅) နှစ်တာကာလအတွင်း ပြည်ပမှသွင်းကုန်တင်သွင်းမှုနှိုင်းယှဉ်ချက် | ၁၆ |
| ၁၄။ | ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဩဂုတ်လ(၄) ရက်ထိ သွင်းကုန်တင်သွင်းမှု အခြေအနေ | ၁၆ |
| ၁၅။ | လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ | ၁၆-၁၈ |
| ၁၆။ | သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက် | ၁၈-၁၉ |
| ၁၇။ | သုံးသပ်ချက် | ၁၉-၂၁ |
| ၁၈။ | နိဂုံး | ၂၁ |
| ၁၉။ | နောက်ဆက်တွဲဇယားများ | |


# မြန်မာ့လယ်ယာကဏ္ဍပို့ကုန်နှင့် သွင်းကုန်ဆိုင်ရာ အစီရင်ခံစာ

## (၂၀၂၃ ခုနှစ်၊ ဇူလိုင်လ)

### နိဒါန်း

၁။ မြန်မာ့စိုက်ပျိုးရေးကဏ္ဍသည် ပြည်တွင်းအလုပ်အကိုင်ရရှိမှု၊ ပြည်ပပို့ကုန်တင်ပို့မှုနှင့် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှုတို့တွင် အဓိကအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေရာ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

၂။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ (၅) နှစ်တာ ကာလအတွင်း နိုင်ငံ၏ ပို့ကုန်အမယ်အုပ်စု (၇) ခုအနက် လယ်ယာထွက်ပစ္စည်းတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေဒုတိယ အများဆုံး ရရှိနေသည်ကို တွေ့ရှိရသည်။ (နောက်ဆက်တွဲဇယား-က၊ ပုံ-၁)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၁)။ ၂၀၁၈-၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃) ထိ ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုး

## ရည်ရွယ်ချက်

၃။ လယ်ယာကဏ္ဍပို့ကုန်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များနှင့် စာရင်းဇယားများအား အချိန်နှင့်တပြေးညီ သိရှိနိုင်စေရန်နှင့် မူဝါဒချမှတ်ခြင်း၊ သုတေသနစာတမ်းများပြုစုခြင်းတို့အတွက် အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

## ၅-နှစ်တာကာလအတွင်း ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုနှိုင်းယှဉ်ချက်

၄။ ပြီးခဲ့သည့် (၅) နှစ်တာကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ (၁၇,၁၅၄.၄) သန်းရှိသည့်အနက် လယ်ယာထွက်ကုန်အနေဖြင့် ဒေါ်လာ (၂,၉၈၆.၉၈) သန်းရှိခဲ့သည်ကိုတွေ့ရပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ပပို့ကုန် တန်ဖိုးစုစုပေါင်း (၁၆,၆၂၀.၁၈) သန်းတွင် လယ်ယာထွက်ကုန် အနေဖြင့် ဒေါ်လာ (၃,၉၉၉.၀၂) သန်းရှိခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-က)။ လယ်ယာထွက်ကုန်ပါဝင်မှုမှာ ရာခိုင်နှုန်းအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်(၁၇%)၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် (၂၄%) ရှိခဲ့သောကြောင့် ပါဝင်မှုရာခိုင်နှုန်း (၇%) တိုးမြင့်လာခဲ့ပါသည်။ (ဇယား-၁)

၅။ သို့ဖြစ်၍ ၂၀၁၈-၁၉ မှ ၂၀၂၂-၂၃ ထိ (၅) နှစ်တာကာလအတွင်း စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ (၅၃၄.၂၃) သန်းလျော့နည်းခဲ့သော်လည်း လယ်ယာထွက်ကုန်ပစ္စည်းပို့ကုန်တန်ဖိုးမှာ ဒေါ်လာ (၁,၀၁၂.၀၄) သန်း တိုးတက်ရရှိခဲ့သည်။ (နောက်ဆက်တွဲဇယား-က)

ဇယား (၁) – ပို့ကုန်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးပါဝင်မှုရာခိုင်နှုန်းအခြေပြဇယား

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ပြေ မှ မတ် | ၂၀၁၉-၂၀၂၀ ပြေ မှ မတ် | ၂၀၂၀-၂၀၂၁ ပြေ မှ မတ် | ၂၀၂၁-၂၂ ပြေ မှ မတ် | ၂၀၂၂-၂၃ (ပြေ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ထိ) |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၁၇% | ၂၀% | ၂၇% | ၂၇% | ၂၄% | ၂၁% |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၃% | ၂% | ၀.၄၂% | ၀.၀၅% | ၀.၁၂% | ၀.၀၅% |
| ၃ | ရေထွက်ပစ္စည်း | ၄% | ၅% | ၅% | ၅% | ၅% | ၃% |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၉% | ၁၀% | ၈% | ၄% | ၂% | ၂% |
| ၅ | သစ်တောထွက်ပစ္စည်း | ၁.၁% | ၁.၀% | ၀.၈% | ၁.၀% | ၀.၈% | ၀.၅% |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၅၅% | ၅၉% | ၅၃% | ၅၇% | ၆၆% | ၆၁% |
| ၇ | အခြားပစ္စည်း | ၁၀% | ၄% | ၆% | ၅% | ၃% | ၁၁% |
| | **စုစုပေါင်း** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** | **၁၀၀%** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဩဂုတ်လ (၄) ရက်ထိ ပို့ကုန်တင်ပို့မှု အခြေအနေ

၆။ အစီရင်ခံကာလဖြစ်သော (၁-၄-၂၀၂၃) မှ (၄-၈-၂၀၂၃) အထိ ပို့ကုန်တင်ပို့မှုစုစုပေါင်း ဒေါ်လာသန်း (၅,၃၂၈.၄၆) တွင် လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၁၃၂.၉၄) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၂.၅၈) သန်း၊ ရေထွက် ဒေါ်လာ(၁၈၅.၅၂) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၁၉.၂၆) သန်း၊ သစ်တောထွက် ဒေါ်လာ(၂၅.၅၄)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၃,၂၅၁.၃၆) သန်းနှင့် အခြားပစ္စည်းများ ဒေါ်လာ(၆၁၁.၂၅) သန်းပါဝင်ခဲ့ပါသည်။ နောက်ဆက်တွဲဇယား(က)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက်မှ ဩဂုတ်လ (၄) ရက်ထိ လယ်ယာကဏ္ဍ ပို့ကုန်တင်ပို့မှု အခြေအနေ

၇။ လယ်ယာထွက်ပစ္စည်းတင်ပို့မှုတွင် လယ်ယာကဏ္ဍတင်ပို့မှုအနေဖြင့် စုစုပေါင်း ဒေါ်လာ (၁,၃၂၁.၀၅) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁,၁၃၂.၉၄) သန်း၊ တိရစ္ဆာန်ထွက်ပစ္စည်း ဒေါ်လာ (၂.၅၈) သန်းနှင့် ရေထွက်ပစ္စည်း ဒေါ်လာ (၁၈၅.၅၃) သန်း ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇယား(၂)


ဇယား (၂) – လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တင်ပို့နိုင်မှုအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် | |
| | | | | | ပမာဏ | % |
| လယ်ယာ+တိရစ္ဆာန်+ရေထွက် | | US$ | ၁၃၂၁.၀၅ | ၁၅၃၁.၄၄ | - ၂၁၀.၃၉ | - ၁၃.၇၄% |
| လယ်ယာထွက်ပစ္စည်း | | US$ | ၁၁၃၂.၉၄ | ၁၃၀၅.၈၁ | - ၁၇၂.၈၇ | - ၁၃.၂၄% |
| ၁ | ဆန်နှင့်ဆန်ကွဲ | **US$** | ၁၄၃.၉၈ | ၂၅၅.၈၉ | - ၁၁၁.၉၁ | - ၄၃.၇၃% |
| | | **တန်ချိန်** | ၃၃၃,၂၆၆.၅၉ | ၇၄၁,၆၁၇.၁၅ | - ၄၀၈,၃၅၀.၅၆ | - ၅၅.၀၆% |
| | (က) ဆန် | US$ | ၆၉.၇၄ | ၁၆၀.၇၅ | - ၉၁.၀၁ | - ၅၆.၆၂% |
| | | တန်ချိန် | ၁၄၄,၇၂၂.၈၉ | ၄၄၃,၈၈၈.၈ | - ၂၉၉,၁၆၅.၉၁ | - ၆၇.၄၀% |
| | (ခ) ဆန်ကွဲ | US$ | ၇၄.၂၄ | ၉၅.၁၄ | - ၂၀.၉ | - ၂၁.၉၇% |
| | | တန်ချိန် | ၁၈၈,၅၄၃.၇ | ၂၉၇,၇၂၈.၃၅ | - ၁၀၉,၁၈၄.၆၅ | - ၃၆.၆၇% |
| ၂ | ပဲအမျိုးမျိုး | **US$** | ၄၆၃.၉၈ | ၄၃၆.၇၈ | ၂၇.၂ | ၆.၂၃% |
| | | **တန်ချိန်** | ၅၈၀,၆၀၉.၁၃ | ၅၇၀,၂၄၀.၄၃ | ၁၀,၃၆၈.၇ | ၁.၈၂% |
| ၃ | ပြောင်း | **US$** | ၂၃၇.၄၃ | ၂၀၆.၄၂ | ၃၁.၀၁ | ၁၅.၀၂% |
| | | **တန်ချိန်** | ၇၇၆,၇၀၇.၈၂ | ၆၅၄,၆၇၁.၃၇ | ၁၂၂,၀၃၆.၄၅ | ၁၈.၆၄% |


| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ထိ) | | | |
|---|---|---|---|---|---|---|
| | | | ယခုနှစ် ၂၀၂၃-၂၀၂၄ | ယခင်နှစ် ၂၀၂၂-၂၀၂၃ | ခြားနားချက် ပမာဏ | ခြားနားချက် % |
| ၄ | နှမ်း | US$ | ၂၅.၇၆ | ၄၁.၂၄ | - ၁၅.၄၈ | - ၃၇.၅၄% |
| | | တန်ချိန် | ၁၆,၈၆၇.၃၃ | ၃၂,၃၁၅.၉၁ | - ၁၅,၄၄၈.၅၈ | - ၄၇.၈၀% |
| ၅ | ရော်ဘာစိမ်း | US$ | ၆၉.၀၄ | ၁၂၇.၉၈ | - ၅၈.၉၄ | - ၄၆.၀၅% |
| | | တန်ချိန် | ၅၅,၉၄၂.၅၂ | ၈၃,၇၁၀.၁၃ | - ၂၇,၇၆၇.၆၁ | - ၃၃.၁၇% |
| ၆ | အခြားသီးနှံ | US$ | ၁၉၂.၇၅၀ | ၂၃၇.၅ | - ၄၄.၇၅ | - ၁၈.၈၄% |
| တိရစ္ဆာန်ထွက်ပစ္စည်း | | US$ | ၂.၅၈ | ၁၅.၅၃ | - ၁၂.၉၅ | - ၈၃.၃၉% |
| ရေထွက်ပစ္စည်း | | US$ | ၁၈၅.၅၃ | ၂၁၀.၁ | - ၂၄.၅၇ | - ၁၁.၆၉% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၂)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၃)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်


## ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁) ရက် မှ ဩဂုတ်လ (၄) ရက်ထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၈။ လယ်ယာထွက်ပစ္စည်းတင်ပို့မှု ဒေါ်လာ (၁,၁၃၂.၉၄) သန်းတွင် ဆန်နှင့် ဆန်ကွဲမှာ တန်ဘိုး ဒေါ်လာ (၁၄၃.၉၈) သန်း၊ တန်ချိန် (၃၃၃,၂၆၆.၅၉)၊ ပဲအမျိုးမျိုးမှာ တန်ဘိုး ဒေါ်လာ (၄၆၃.၉၈) သန်း၊ တန်ချိန် (၅၈၀,၆၀၉.၁၃)၊ ပြောင်းမှာ တန်ဘိုး ဒေါ်လာ (၂၃၇.၄၃)သန်း၊ တန်ချိန် (၇၇၆,၇၀၇.၈၂)၊ ရာဘာစိမ်းမှာ တန်ဘိုး ဒေါ်လာ (၆၉.၀၄)သန်း၊ တန်ချိန်(၅၅,၉၄၂.၅၂) နှင့်

ဆီထွက်သီးနှံဖြစ်သော နှမ်းမှာ တန်ဘိုး ဒေါ်လာ (၂၅.၇၆)သန်း၊ တန်ချိန် (၁၆,၈၆၇.၃၃) ပါဝင်ခဲ့ပြီး အခြားသီးနှံ ဒေါ်လာ (၁၉၂.၇၅) သန်း ပါဝင်သည်ကို တွေ့ရှိရပါသည်။ (ဇယား-၂၊ ပုံ ၂၊ ၃)

**ဆန်နှင့် ဆန်ကွဲ**

၉။ အစီရင်ခံကာလ(၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃) ရက်နေ့အထိ လယ်ယာထွက်ပစ္စည်းတင်ပို့မှု စုစုပေါင်း ဒေါ်လာ(၁,၁၃၂.၉၄) သန်းတွင် ဆန်နှင့် ဆန်ကွဲတင်ပို့မှုအနေဖြင့် တန်ဘိုးဒေါ်လာ (၁၄၃.၉၈) သန်း၊ တန်ချိန် (၃၃၃,၂၆၆.၅၉) တင်ပို့ခဲ့ပါသည်။ (ပုံ-၄)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ပုံ (၄)။ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ) လယ်ယာထွက်ပစ္စည်းတင်ပို့မှု

၁၀။ ယခုအပတ်အတွင်း (၂၉-၇-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ) **ဆန်**တင်ပို့မှုတွင် တန်ချိန်(၅,၁၆၅)၊ တန်ဖိုး ကန်ဒေါ်လာ (၂.၆၀၅) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ တန်ချိန် (၅,၀၈၄) ၊ နယ်စပ်မှ တန်ချိန် (၈၁) တင်ပို့ခဲ့ပါသည်။ CZECH REPUBLIC ၊ ဖိလစ်ပိုင်နှင့် စပိန်နိုင်ငံတို့သို့ တင်ပို့မှု လျော့နည်းခဲ့ပါသည်။ နယ်စပ်တွင် မူဆယ်၊ လွယ်ဂျယ်နှင့် ကျိုင်းတုံစခန်းတို့မှ ယခင်အပတ်ထက် တန်ချိန် (၁၈၇) လျော့နည်းတင်ပို့ခဲ့ပါသည်။

၁၁။ **ဆန်ကွဲ**တင်ပို့မှုတွင် တန်ချိန် (၅,၉၇၁) ၊ တန်ဖိုး ကန်ဒေါ်လာ (၂.၄၃၄) သန်းခန့် ရှိပြီး ပင်လယ်ရေကြောင်းမှ တန်ချိန်(၄,၀၅၅) တင်ပို့ခဲ့ပါသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ တရုတ်၊ နယ်သာလန်၊ CZECH REPUBLIC ဘယ်လ်ဂျီယံနှင့် ပိုလန်နိုင်ငံတို့သို့ တင်ပို့မှု လျော့နည်းခဲ့ပြီး၊ နယ်စပ်မှ မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်စခန်းတို့မှ တန်ချိန် (၁,၉၁၆) တင်ပို့နိုင်ခဲ့ပါသည်။ ပြည်တွင်းဆန်ဈေးကွက်အနေဖြင့် ဆန်ဈေးများ ဆက်လက်မြင့်တက်နေပြီး၊ ရွှေဘိုပေါ်ဆန်း တစ်အိတ်လျှင် ကျပ် ၁,၅၀၀၀ ထိမြင့်တက်လာပြီး၊ အခြားဆန်များမှာလည်း

တစ်အိတ်လျှင် ကျပ် (၃,၀၀၀) မှ (၅,၀၀၀) ထိ မြင့်တက်လာကြောင်း၊ အလားတူစပါးဈေးမှာလည်း အနည်းငယ် ပြန်တက်လာကြောင်း သိရှိရပါသည်။

ဇယား (၃)- ပြည်တွင်းဧည့်မထဆန်(မိုး)ဈေးနှုန်းများ

တစ်တင်းခွဲ (၁၀၈ပေါင်)/ကျပ်

| စဉ် | ဈေးကွက် | ယခုအပတ် (၄-၈-၂၀၂၃) | ယခင်အပတ် (၂၈-၇-၂၀၂၃) | ခြားနားချက် | % |
|---|---|---|---|---|---|
| ၁ | လှိုင်ကော် | ၉၁,၀၀၀ | ၉၁,၀၀၀ | - | - |
| ၂ | ဘားအံ | ၆၅,၀၀၀ | ၆၅,၀၀၀ | - | - |
| ၃ | မြိတ် | ၈၁,၀၀၀ | ၈၁,၀၀၀ | - | - |
| ၄ | ပဲခူး | ၆၆,၀၀၀ | ၆၅,၀၀၀ | ၁,၀၀၀ | ၂% |
| ၅ | ပြည် | ၆၅,၀၀၀ | ၆၅,၀၀၀ | - | - |
| ၆ | မကွေး | ၉၀,၀၀၀ | ၉၀,၀၀၀ | - | - |
| ၇ | မန္တလေး | ၈၇,၀၀၀ | ၈၅,၀၀၀ | ၂,၀၀၀ | ၂% |
| ၈ | နေပြည်တော် | ၇၆,၀၀၀ | ၇၆,၀၀၀ | - | - |
| ၉ | ပျဉ်းမနား | ၇၆,၀၀၀ | ၇၆,၀၀၀ | - | - |
| ၁၀ | မော်လမြိုင် | ၆၇,၀၀၀ | ၆၆,၀၀၀ | ၁,၀၀၀ | ၂% |
| ၁၁ | စစ်တွေ | ၈၀,၀၀၀ | ၈၀,၀၀၀ | - | - |
| ၁၂ | သန်လျင် | ၇၂,၀၀၀ | ၆၆,၀၀၀ | ၆,၀၀၀ | ၉% |
| ၁၃ | တောင်ကြီး | ၇၅,၀၀၀ | ၇၅,၀၀၀ | - | - |
| ၁၄ | လားရှိုး | ၈၄,၀၀၀ | ၇၄,၀၀၀ | ၁၀,၀၀၀ | ၁၄% |
| ၁၅ | ကျိုင်းတုံ | ၇၉,၀၀၀ | ၇၈,၀၀၀ | ၁,၀၀၀ | ၁% |
| ၁၆ | ပုသိမ် | ၆၇,၀၀၀ | ၆၇,၀၀၀ | - | - |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၁၂။ အာရှဆန်ဈေးကွက်တွင် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုတားမြစ်ခဲ့ခြင်းသည် ကမ္ဘာ့ဈေးကွက်သို့ ထောက်ပံ့မှုအပေါ် အကျပ်အတည်းဖြစ်ပေါ်စေပြီး ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ ဆန်တင်ပို့သူများအနေဖြင့် ဩဂုတ်လတွင် တင်ပို့ရမည့် ဆန်တန်ချိန် ၅ သိန်းခန့်ရှိသော အရောင်းအဝယ်စာချုပ်များအတွက် ဈေးနှုန်းများကို ပြန်လည်ညှိနှိုင်းနေရကြောင်း၊ ကမ္ဘာ့ဆန်ဈေးကွက်၌ ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့ပြီးနောက် ထိုင်းနှင့် ဗီယက်နမ်ရှိတောင်သူများကလည်း ဈေးနှုန်းမြင့်တင်ရောင်းချလာကြသဖြင့် ဒေါ်လာသန်းပေါင်းများစွာ တန်ဘိုးရှိသော အရောင်းအဝယ်စာချုပ်များအပေါ် ဆုံးရှုံးနိုင်ချေရှိသဖြင့် ပို့ကုန်သမားများအနေဖြင့် တောင်သူများထံမှ ဆန်များအလျင်

စလို ဝယ်ယူနေရကြောင်း၊ အာရှနှင့် အာဖရိကရှိ ဆန်တင်သွင်းသည့်နိုင်ငံများ၌ စားနပ်ရိက္ခာ ထောက်ပံ့မှုအပေါ် စိုးရိမ်မှုများမြင့်တက်လျက်ရှိကြောင်း သိရှိရပါသည်။ ၂၀၂၃ ခုနှစ် မေလတွင် ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန် (၁၆၆.၆၈၁) သန်း ဖြစ်ပါသည်။

ဇယား (၄)- ပြည်ပတွင်ဖြစ်ပေါ်နေသော ဆန်တစ်တန် FOB ဈေးနှုန်းများ

တန်/ဒေါ်လာ

| စဉ် | နိုင်ငံ | အမျိုးအစား | ယခုအပတ်<br>(၇-၈-၂၀၂၃) | ယခင်အပတ်<br>(၃၁-၇-၂၀၂၃) |
|---|---|---|---|---|
| (က) | ထိုင်း | ဆန်ဖြူ ၁၀၀ % | ၅၈၇ | ၅၈၇ |
| | | ဆန်ဖြူ ၅ % | ၅၇၂ | ၅၇၂ |
| | | ဆန်ဖြူ ၂၅ % | ၅၄၇ | ၅၄၇ |
| | | ပေါင်းဆန် ၁၀၀ % | ၅၇၅ | ၅၇၅ |
| (ခ) | ဗီယက်နမ် | ဆန်ဖြူ ၅ % | ၅၄၇ | ၅၄၇ |
| | | ဆန်ဖြူ ၂၅ % | ၅၂၇ | ၅၂၇ |
| (ဂ) | ပါကစ္စတန် | ဆန်ဖြူ ၅ % | ၅၃၇ | ၅၃၇ |
| | | ဆန်ဖြူ ၂၅ % | ၅၀၂ | ၅၀၂ |
| (ဃ) | အိန္ဒိယ | ဆန်ဖြူ ၂၅ % | - | - |
| (င) | မြန်မာ | ဆန်ဖြူ ၅ % | ၅၁၀-၅၁၅ | ၅၀၅-၅၁၀ |
| | | ဆန်ဖြူ ၁၀ % | ၅၀၀-၅၁၀ | ၄၉၅-၅၀၅ |
| | | ဆန်ဖြူ ၁၅ % | ၄၉၀-၄၅၀ | ၄၈၅-၄၉၅ |
| | | ဆန်ဖြူ ၂၅ % | ၄၇၅-၄၈၅ | ၄၇၀-၄၈၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပဲအမျိုးမျိုး


၁၃။ ၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ရက်နေ့အထိ ပဲအမျိုးမျိုးတင်ပို့မှုမှာ တန်ဘိုး ဒေါ်လာ (၄၆၃.၉၈) သန်း၊ တန်ချိန် (၅၈၀,၆၀၉.၁၃) ရှိခဲ့ပြီး၊ ပဲတီစိမ်း တန်ဘိုး ဒေါ်လာ(၁၃၅.၃၇)သန်း၊ တန်ချိန် (၂၀၂,၃၆၃.၉၇) ဖြင့် အများဆုံး၊ မတ်ပဲ တန်ဘိုး ဒေါ်လာ(၁၆၉.၄၅)သန်း၊ တန်ချိန် (၁၉၉,၉၂၄.၀၇) ဖြင့် ဒုတိယအများဆုံးနှင့် ပဲစဉ်းငုံ တန်ဘိုး ဒေါ်လာ(၆၅.၅၅)သန်း၊ တန်ချိန် (၇၅,၉၈၉.၀၃) ဖြင့် တတိယအများဆုံး တင်ပို့ခဲ့သည်ကိုတွေ့ရသည်။ ဇယား(၅)၊ ပုံ (၅၊ ၆)

## ဇယား (၅)- ပဲအမျိုးမျိုးတင်ပို့နိုင်မှုအခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် | ကာလတူ (၂၀၂၃ ခုနှစ်၊ ဧပြီ ၁ ရက်မှ ဩဂုတ်လ ၄ ရက်ထိ) | | | |
|---|---|---|---|---|---|---|---|
| | | | | ယခုနှစ် (၂၀၂၃-၂၀၂၄) | ယခင်နှစ် (၂၀၂၂-၂၀၂၃) | ခြားနားချက် | |
| | | | | | | ပမာဏ | % |
| | **ပဲအမျိုးမျိုး** | US$ | **၁,၄၇၀.၆၆** | **၄၆၃.၉၈** | **၄၃၆.၇၈** | **၂၇.၂** | **၆%** |
| | | တန်ချိန် | **၁,၉၁၉,၁၅၆.၁၀** | **၅၈၀,၆၀၉.၁၃** | **၅၇၀,၂၄၀.၄၃** | **၁၀,၃၆၈.၇** | **၂%** |
| ၁ | မတ်ပဲ | US$ | ၅၃၁.၈၀ | ၁၆၉.၄၅ | ၁၀၇.၁၄ | ၆၂.၃၁ | ၅၈% |
| | | တန်ချိန် | ၆၄၉,၉၄၀.၂၃ | ၁၉၉,၉၂၄.၀၇ | ၁၂၈,၅၄၄.၇၅ | ၇၁,၃၇၉.၃၂ | ၅၆% |
| ၂ | ပဲတီစိမ်း | US$ | ၄၈၉.၀၉ | ၁၃၅.၃၇ | ၂၁၆.၁၃ | - ၈၀.၇၆ | - ၃၇% |
| | | တန်ချိန် | ၆၉၁,၃၉၉.၂၉ | ၂၀၂,၃၆၃.၉၇ | ၂၈၀,၅၈၃.၃၅ | - ၇၈,၂၁၉.၃၈ | - ၂၈% |
| ၃ | ပဲစင်းငုံ | US$ | ၁၈၇.၃၉ | ၆၅.၅၅ | ၁၀.၁၇ | ၅၅.၃၈ | ၅၄၅% |
| | | တန်ချိန် | ၂၃၉,၅၃၇.၇၃ | ၇၅,၉၈၉.၀၃ | ၁၃,၇၉၆.၀၉ | ၆၂,၁၉၂.၉၄ | ၄၅၁% |
| ၄ | ကုလားပဲ | US$ | ၁၃.၁၄ | ၀.၅၄ | ၁၁.၇၈ | - ၁၁.၂၄ | - ၉၅% |
| | | တန်ချိန် | ၁၈,၆၇၆.၈၆ | ၅၈၄.၈၂ | ၁၆,၉၆၈.၅၄ | - ၁၆,၃၈၃.၇၂ | - ၉၇% |
| ၅ | ပဲလွန်းဖြူ | US$ | ၄၀.၅၈ | ၁၁.၇၂ | ၁၁.၇ | ၀.၀၂ | ၀% |
| | | တန်ချိန် | ၆၄,၀၀၁.၇၉ | ၁၈,၇၀၆.၆၉ | ၁၇,၂၇၈.၈၅ | ၁,၄၂၇.၈၄ | ၈% |
| ၆ | မြေထောက်ပဲ | US$ | ၅၀.၃၁ | ၁၈.၈၃ | ၂၆.၉၈ | - ၈.၁၅ | - ၃၀% |
| | | တန်ချိန် | ၅၉,၄၂၅.၇၁ | ၁၅,၆၃၁.၈၇ | ၃၈,၁၅၅.၆၅ | - ၂၂,၅၂၃.၇၈ | - ၅၉% |
| ၇ | ထောပတ်ပဲ | US$ | ၂၇.၀၂ | ၁၇.၃၉ | ၁၇.၇၇ | - ၀.၃၈ | - ၂% |
| | | တန်ချိန် | ၃၃,၈၀၂.၉၈ | ၁၇,၂၁၆.၈၉ | ၂၂,၆၀၇.၁၅ | - ၅,၃၉၀.၂၆ | - ၂၄% |
| ၈ | ပဲယင်း | US$ | ၆၀.၇၇ | ၂၃.၄၉ | ၁၅.၁၈ | ၈.၃၁ | ၅၅% |
| | | တန်ချိန် | ၈,၄၆၇၂.၆၁ | ၃၀,၀၆၉.၅၁ | ၂၃,၃၄၂.၇၄ | ၆,၇၂၆.၇၇ | ၂၉% |
| ၉ | ပဲကြီး | US$ | ၅.၅ | ၂.၄၆ | ၄.၂၁ | - ၁.၇၅ | - ၄၂% |
| | | တန်ချိန် | ၇,၇၇၂.၉၅ | ၂,၄၀၆.၆၂ | ၆,၄၇၁.၉၄ | - ၄,၀၆၅.၃၂ | - ၆၃% |
| ၁၀ | ပဲကတ္တီပါ (စွန်တာနီ/ပြာ) | US$ | ၅.၃၃ | ၂.၇၈ | ၂.၈၆ | - ၀.၀၈ | - ၃% |
| | | တန်ချိန် | ၈,၅၁၃.၈၆ | ၄,၅၀၉.၅၂ | ၄,၄၀၆.၁၆ | ၁၀၃.၃၆ | ၂% |
| ၁၁ | ဘိုကိတ်ပဲ | US$ | ၁၅.၂၆ | ၀.၉၉ | ၄.၆၂ | - ၃.၆၃ | - ၇၉% |
| | | တန်ချိန် | ၂၀,၉၀၈.၈၅ | ၁,၅၁၅.၇၅ | ၆,၁၁၃.၃၅ | - ၄,၅၉၇.၆ | - ၇၅% |
| ၁၂ | ပဲပုတ်စေ့ | US$ | ၀.၂၁ | ၀.၀၁ | ၀.၀၆ | - ၀.၀၅ | - ၈၃% |
| | | တန်ချိန် | ၂၂၃.၅၁ | ၄.၇၄ | ၆၆.၀၀ | - ၆၁.၂၆ | - ၉၃% |
| ၁၃ | ပဲနီကြား | US$ | ၂.၂၈ | ၀.၆၄ | ၁.၇၆ | - ၁.၁၂ | - ၆၄% |
| | | တန်ချိန် | ၅,၅၂၀.၃၀ | ၁,၂၆၂.၉၈ | ၄,၄၇၇.၇၅ | - ၃,၂၁၄.၇၇ | - ၇၂% |
| ၁၄ | နိုင်လွန်ပဲ | US$ | ၀.၈၇ | ၀.၈၆ | ၀.၄၇ | ၀.၃၉ | ၈၃% |
| | | တန်ချိန် | ၁,၂၀၇.၄၁ | ၁,၂၀၅.၅ | ၆၁၅.၆ | ၅၈၉.၉ | ၉၆% |
| ၁၅ | မြေပဲဆံ | US$ | ၄၀.၁၆ | ၁၃.၇ | ၅.၂၃ | ၈.၄၇ | ၁၆၂% |
| | | တန်ချိန် | ၃၂,၀၄၆.၁၇ | ၈,၈၇၅.၀၂ | ၅,၆၀၂.၉ | ၃,၂၇၂.၁၂ | ၅၈% |
| ၁၆ | အခြားပဲ | US$ | ၀.၉၆ | ၀.၂၁ | ၀.၇၁ | - ၀.၅ | - ၇၀% |
| | | တန်ချိန် | ၁,၅၀၅.၈၃ | ၃၄၂.၁၄ | ၁,၂၀၉.၆ | - ၈၆၇.၄၆ | - ၇၂% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၅)။ ပို့ကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ (၆)။ ပို့ကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်

၁၄။ ယခုအပတ် (၂၉-၇-၂၀၂၃ မှ ၄-၈-၂၀၂၃) တွင် **ပဲမျိုးစုံ**တင်ပို့မှုအနေဖြင့် တန်ချိန် (၃) သောင်းခန့် ၊ တန်ဖိုး ဒေါ်လာ (၂၄.၅၁၅) သန်း တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၅,၈၅၃)၊ တန်ဖိုး ဒေါ်လာ (၄.၁၃၈) သန်း လျော့နည်းခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ မတ်ပဲတန်ချိန် (၉,၀၀၀) ကျော်၊ ပဲတီစိမ်းတန်ချိန် (၄,၀၀၀) ကျော်၊ ပဲစင်းငုံ တန်ချိန် (၇,၀၀၀) ကျော်နှင့် အခြားပဲ တန်ချိန် (၁၃၃၈) တင်ပို့ခဲ့ပြီး နယ်စပ်မှ ပဲတီစိမ်းတန်ချိန်(၃,၀၀၀) ကျော်၊ ပဲယင်းတန်ချိန် (၁,၆၀၀) ကျော်၊ အခြားပဲတန်ချိန် (၁,၄၇၃)တန် တင်ပို့ခဲ့ပါသည်။

၁၅။ ပြည်တွင်းပဲမျိုးစုံဈေးကွက်၌ ရန်ကုန်ဈေးကွက်တွင် မတ်ပဲ(FAQ/RC) တစ်တန်လျှင် (၂,၃၇၇,၀၀၀) ကျပ်ပေါက်ဈေးရှိပြီး တစ်တန်လျှင် (၇၀,၀၀၀) ကျော်၊ မန္တလေးဈေးကွက်တွင် မတ်ပဲ ၆၀ ပိဿာဝင်တစ်အိတ်လျှင် (၂၃၀,၀၀၀) မှ (၂၄၀,၀၀၀) ကျပ်ပေါက်ဈေးရှိကာ တစ်အိတ်လျှင် (၂၀,၀၀၀) ကျပ် အသီးသီးဈေးတက်လာကြောင်း သိရှိရပါသည်။ ပဲစင်းငုံနီ(RED/RC) မှာ ရန်ကုန်ဈေးကွက်တွင် တစ်တန်လျှင် (၃,၂၄၂,၅၀၀) ကျပ် ပေါက်ဈေးရှိပြီး တစ်တန်လျှင် ၂၄၀,၀၀၀ ကျော် မြင့်တက်လာပြီး၊ မန္တလေးဈေးကွက်တွင် တစ်အိတ်လျှင် (၃၀၅,၀၀၀-၃၁၀,၀၀၀) ကျပ် ပေါက်ဈေးရှိကြောင်း၊ ပဲစင်းငုံနီမှာ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေပြီး လက်ရှိဈေးကွက်တွင် လက်ကျန်မရှိခြင်းကြောင့် အရောင်းအဝယ်မရှိသည့်အခြေအနေဖြစ်နေကြောင်း၊ မတ်ပဲမှာ ယခင်အပတ်များထက် ဈေးများဆက်တိုက်မြင့်တက်လာပြီး လက်ရှိတွင် ပိဿာ(၂၀) တစ်တင်းလျှင် ကျပ် (၇၇,၆၀၀) ထိဈေးမြင့်တက်လာကြောင်း သိရှိရပါသည်။

## ဇယား (၆)– ပဲမျိုးစုံပြည်တွင်းဈေးနှုန်းများ

ကျပ်/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၁,၂၄၈,၇၀၀ | ၁,၇၆၉,၄၀၀ | ၁,၆၇၀,၀၀၀ | ၁,၉၅၀,၇၀၀ | ၁,၂၀၂,၅၀၀ | ၁,၉၇၄,၀၀၀ | ၁,၀၆၀,၀၀၀ | ၂,၀၉၁,၃၀၀ |
| ဖေဖော်ဝါရီ | ၁,၂၆၈,၃၀၀ | ၁,၉၅၀,၇၀၀ | ၁,၄၆၀,၅၀၀ | ၂,၃၉၇,၅၀၀ | ၁,၁၁၀,၀၀၀ | ၂,၁၂၆,၅၀၀ | ၁,၄၁၀,၀၀၀ | ၂,၀၄၂,၃၀၀ |
| မတ် | ၁,၄၆၀,၀၀၀ | ၂,၀၆၄,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၀,၀၀၀ | ၂,၃၁၅,၀၀၀ | ၁,၅၅၁,၄၀၀ | ၂,၂၄၇,၅၀၀ |
| ဧပြီ | ၁,၄၂၇,၃၀၀ | ၂,၁၁၈,၉၀၀ | ၁,၅၈၃,၀၀၀ | ၂,၂၉၆,၅၀၀ | ၁,၃၁၅,၀၀၀ | ၂,၃၇၀,၀၀၀ | ၁,၄၈၁,၉၀၀ | ၂,၃၄၈,၅၀၀ |
| မေ | ၁,၄၆၉,၇၀၀ | ၂,၃၁၇,၉၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၅၈,၇၅၀ | ၂,၇၃၀,၀၀၀ | ၁,၆၃၅,၁၀၀ | ၂,၅၅၃,၇၀၀ |
| ဇွန် | ၁,၅၈၃,၀၀၀ | ၂,၃၇၉,၁၀၀ | ၁,၆၃၅,၁၀၀ | ၂,၃၄၅,၅၀၀ | ၁,၃၃၀,၀၀၀ | ၃,၀၅၀,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၇၀၆,၈၀၀ |
| ဇူလိုင် | ၁,၆၂၂,၀၀၀ | ၂,၃၂၄,၀၀၀ | ၁,၆၈၄,၁၀၀ | ၂,၂၄၄,၄၀၀ | ၁,၄၄၇,၅၀၀ | ၃,၀၀၀,၀၀၀ | ၁,၆၅၄,၁၀၀ | ၂,၇၅၅,၈၀၀ |
| သြဂုတ် | ၁,၈၉၀,၀၀၀ | | ၁,၇၃၆,၁၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၂၂၃,၄၀၀ | |
| စက်တင်ဘာ | ၂,၀၃၆,၂၀၀ | | ၂,၁၃၄,၃၀၀ | | ၂,၁၃၀,၀၀၀ | | ၂,၁၄၃,၄၀၀ | |
| အောက်တိုဘာ | ၁,၈၁၂,၇၀၀ | | ၁,၉၉၀,၃၀၀ | | ၁,၉၄၀,၀၀၀ | | ၂,၀၉၁,၃၀၀ | |
| နိုဝင်ဘာ | ၁,၈၃၁,၂၀၀ | | ၁,၈၃၉,၂၀၀ | | ၁,၇၉၀,၀၀၀ | | ၂,၀၀၀,၀၀၀ | |
| ဒီဇင်ဘာ | ၁,၇၉၉,၀၀၀ | | ၁,၈၀၆,၂၀၀ | | ၁,၆၄၀,၀၀၀ | | ၂,၁၆၁,၃၀၀ | |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ဇယား (၇)– ပဲမျိုးစုံ FOB ပြည်တွင်းဈေးနှုန်းများ

ဒေါ်လာ/တန်

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ဇန်နဝါရီ | ၉၆၉ | ၇၉၀ | ၉၂၂ | ၈၉၀ | ၆၀၄ | ၈၈၀ | ၆၀၀ | ၈၂၅ |
| ဖေဖော်ဝါရီ | ၇၄၀ | ၈၇၅ | ၉၇၀ | ၁,၁၀၀ | ၆၅၅ | ၈၉၀ | ၈၂၅ | ၈၇၅ |
| မတ် | ၇၆၅ | ၉၁၅ | ၉၁၀ | ၁,၀၄၀ | ၇၄၅ | ၁,၀၁၅ | ၇၀၀ | ၉၀၀ |
| ဧပြီ | ၈၂၀ | ၉၅၀ | ၉၅၀ | ၁,၀၅၀ | ၇၇၀ | ၁,၀၅၀ | ၈၆၁ | ၉၂၅ |
| မေ | ၈၇၅ | ၉၄၀ | ၉၇၀ | ၁၄၀ | ၇၄၀ | ၁,၀၈၀ | ၇၅၀ | ၉၅၀ |
| ဇွန် | ၉၀၅ | ၁,၀၀၀ | ၉၄၀ | ၁,၀၂၀ | ၇၆၀ | ၁,၂၆၀ | ၇၅၀ | ၁,၀၅၀ |
| ဇူလိုင် | ၉၂၅ | ၈၉၀ | ၉၇၅ | ၉၄၀ | ၈၂၀ | ၁,၁၆၀ | ၇၅၀ | ၁,၀၅၀ |
| သြဂုတ် | ၉၄၅ | | ၈၉၅ | | ၁,၀၀၀ | | ၈၂၅ | |

| လ | မတ်ပဲ | | ပဲတီစိမ်း | | ပဲစဉ်းငုံ | | ကုလားပဲ | |
|---|---|---|---|---|---|---|---|---|
| | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| စက်တင်ဘာ | ၈၆၀ | | ၉၄၅ | | ၈၉၅ | | ၇၇၅ | |
| အောက်တိုဘာ | ၈၂၅ | | ၈၇၅ | | ၈၅၅ | | ၇၅၀ | |
| နိုဝင်ဘာ | ၈၁၅ | | ၈၂၅ | | ၈၁၀ | | ၇၂၅ | |
| ဒီဇင်ဘာ | ၈၀၅ | | ၈၇၀ | | ၇၅၀ | | ၇၀၀ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၈)- နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော ပဲမျိုးစုံ တရုတ်နယ်စပ်မျက်နှာစာဈေး

ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအစား | နှစ်အလိုက်ပျမ်းမျှဈေး | | | | | | လက်ရှိဈေး |
|---|---|---|---|---|---|---|---|---|
| | | ၂၀၂၀ | | ၂၀၂၁ | | ၂၀၂၂ | | ၇-၈-၂၀၂၃ |
| | | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် | |
| ၁ | မတ်ပဲ | - | - | - | - | - | - | ၈၉၁ |
| ၂ | ပဲတီစိမ်း | ၈၁၇ | ၁၀၂၈ | ၆၉၃ | ၇၉၈ | ၆၅၀ | ၇၀၀ | ၈၂၂ |
| ၃ | ပဲပုတ် | ၄၇၆ | ၅၁၃ | ၄၈၃ | ၅၃၀ | ၄၈၅ | ၅၀၀ | ၉၀၅ |
| ၄ | ပဲလွန်းဖြူ | ၆၀၉ | ၆၆၀ | ၆၂၂ | ၄၆၀ | ၄၆၀ | ၆၂၈ | ၆၅၅ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ပြောင်း

၁၆။ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ) ပြည်ပပို့ကုန်တင်ပို့မှုတွင် ပြောင်း တန်ဘိုးဒေါ်လာ (၂၃၇.၄၃) သန်း၊ တန်ချိန် (၇၇၆,၇၀၇.၈၂) ပါဝင်ခဲ့သည်ကိုတွေ့ရပြီး ယခုအပတ်အတွင်း ပြောင်းတင်ပို့မှုမှာ တန်ချိန် (၄)သောင်းကျော်၊ တန်ဖိုး ဒေါ်လာ (၁၂.၄၄၅) သန်းရှိခဲ့ပြီး ယခင်အပတ်ထက် တန်ချိန် (၈,၉၃၀)၊ တန်ဖိုး ဒေါ်လာ (၂.၇၂) သန်း ပိုမိုတင်ပို့ခဲ့ပါသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပင်လယ်ရေကြောင်းမှ ထိုင်းသို့ တန်ချိန် (၁) သောင်းကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် (၆၁၃) တန် ပိုမိုတင်ပို့ခဲ့ပြီး စင်္ကာပူနိုင်ငံသို့ တန်ချိန် (၂၃) လျော့နည်း တင်ပို့ခဲ့ပါသည်။ နယ်စပ်တင်ပို့မှုမှတန်ချိန် (၁၉၀၉) လျော့နည်းခဲ့ပါသည်။ ထိုင်းနယ်စပ်မှ မြန်မာ့ပြောင်းအား နှစ်စဉ် ဖော်ဖော်ဝါရီ (၁) ရက်မှ ဩဂုတ်လ (၃၁) ရက်ထိ (၇)လကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းပြီး ထိုင်းပြောင်းထွက်ရှိမည့် စက်တင်ဘာလ (၁) ရက်နောက်ပိုင်း အခွန် ၄၅% သတ်မှတ် ကောက်ခံသဖြင့် ထိုင်းနိုင်ငံသို့ အခွန်လွတ်စနစ်ဖြင့် တင်ပို့လျက်ရှိပါသည်။ ပြည်တွင်းပြောင်းဈေးကွက်မှာ တည်ငြိမ်လျက်ရှိပါသည်။

ဇယား (၉)- ပြည်တွင်းပြောင်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၄-၈-၂၀၂၃) | ယခင်အပတ် (၂၈-၇-၂၀၂၃) |
|---|---|---|---|
| ၁ | ရန်ကုန် | ၇၄၇,၁၀၀ | ၇၂၈,၇၀၀ |
| ၂ | မန္တလေး | ၇၀၃,၀၀၀ | ၆၆၉,၃၀၀ |
| ၃ | ရှမ်း(တောင်) | ၆၄၃,၀၀၀ | ၆၄၃,၀၀၀ |
| ၄ | ရှမ်း (မြောက်) | ၆၃၆,၈၀၀ | ၆၃၆,၈၀၀ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၀)- နိုင်ငံအလိုက်ပြောင်းဈေးနှုန်းများ

တန်ဘိုး- USD

| စဉ် | နိုင်ငံ | ယခုအပတ် (၄-၈-၂၀၂၃) | ယခင်အပတ် (၂၈-၇-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | အိန္ဒိယ | ၂၅၄ | ၂၆၇ | - ၁၃ | - ၄.၉၇% |
| ၂ | တရုတ် | ၃၁၀ | ၃၁၀ | ၀ | ၀.၀၀% |
| ၃ | ပါကစ္စတန် | ၁၈၅ | ၁၇၉ | ၆ | ၃.၀၉% |
| ၄ | ဘရာဇီး | ၁၈၂ | ၁၉၄ | - ၁၂ | - ၅.၉၄% |
| ၅ | မြန်မာ | ၃၄၅ | ၃၄၆ | -၁ | -၀.၂၉% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရာဘာစိမ်း

၁၇။ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ) ရာဘာစိမ်းတင်ပို့မှုအနေဖြင့် စုစုပေါင်းတန်ဘိုး ဒေါ်လာ (၆၉.၀၄) သန်း၊ တန်ချိန် (၅၅,၉၄၂.၅၂) တင်ပို့ခဲ့ပါသည်။ ယခုအပတ်အတွင်း တင်ပို့မှုအနေဖြင့် တန်ချိန် (၂,၆၂၃)၊ တန်ဖိုး ဒေါ်လာ (၃.၂၇၃) သန်းရှိခဲ့သဖြင့် ယခင်အပတ်ထက် တန်ချိန် (၉၅၈) ပိုမိုတင်ပို့ခဲ့ပြီး၊ တန်ဖိုး ဒေါ်လာ (၁.၁၅၉) သန်း လျော့နည်းခဲ့ပါသည်။ ယခုအပတ်တွင် ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ လျော့နည်းတင်ပို့ခဲ့ပြီး၊ နယ်စပ်တင်ပို့မှုတွင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော် စခန်းတို့မှ စုစုပေါင်း ရာဘာတန်ချိန် (၉၅၈) လျော့နည်း တင်ပို့ခဲ့ပါသည်။

## ဇယား (၁၁)- ပြည်တွင်း ရာဘာဈေးနှုန်းများ

ကျပ်သိန်း/တန်

| စဉ် | လ | RSS-၃ (မော်လမြိုင်) | | RSS-၅ (မော်လမြိုင်) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၂၂.၆၉ | ၂၈.၄၃ | ၂၀.၄၉ | ၂၆.၂၂ |
| ၂ | ဖေဖော်ဝါရီ | ၂၄.၈၇ | ၂၉.၅၁ | ၂၂.၆၇ | ၂၇.၃၁ |
| ၃ | မတ် | ၂၆.၇၂ | ၂၉.၃၁ | ၂၄.၅၁ | ၂၇.၁ |
| ၄ | ဧပြီ | ၂၆.၈၁ | ၂၉.၀၉ | ၂၄.၅၇ | ၂၆.၈၈ |
| ၅ | မေ | ၂၃.၁၁ | ၃၀.၃၀ | ၂၀.၉၁ | ၂၈.၁၀ |
| ၆ | ဇွန် | ၂၅.၇၆ | ၃၁.၀၈ | ၂၃.၅၅ | ၂၈.၈၈ |
| ၇ | ဇူလိုင် | ၂၅.၆၉ | ၃၃.၆ | ၂၃.၄၈ | ၃၁.၃၉ |
| ၈ | ဩဂုတ် | ၃၀.၀၈ | | ၂၇.၆၄ | |
| ၉ | စက်တင်ဘာ | ၃၁.၆၂ | | ၂၉.၄၁ | |
| ၁၀ | အောက်တိုဘာ | ၃၂.၀၆ | | ၂၉.၈၆ | |
| ၁၁ | နိုဝင်ဘာ | ၂၆.၄၄ | | ၂၄.၉၇ | |
| ၁၂ | ဒီဇင်ဘာ | ၂၅.၈၉ | | ၂၃.၆၉ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ဇယား (၁၂)- ပြည်ပရာဘာဈေးနှုန်းများ

ဒေါ်လာ/တန်

| စဉ် | လ | RSS-၃ (ထိုင်း) | | RSS-၅ (ထိုင်း) | |
|---|---|---|---|---|---|
| | | ၂၀၂၂ | ၂၀၂၃ | ၂၀၂၂ | ၂၀၂၃ |
| ၁ | ဇန်နဝါရီ | ၁,၉၅၆ | ၁,၇၂၁ | ၁,၉၉၃ | ၁,၇၃၉ |
| ၂ | ဖေဖော်ဝါရီ | ၂,၀၁၆ | ၁,၇၃၅ | ၁,၉၉၃ | ၁,၇၁၃ |
| ၃ | မတ် | ၂,၂၃၁ | ၁,၇၂၅ | ၂,၂၀၈ | ၁,၇၀၄ |
| ၄ | ဧပြီ | ၂,၃၃၈ | ၁,၇၄၇ | ၂,၃၂၃ | ၁,၇၂၄ |
| ၅ | မေ | ၂,၁၈၆ | ၁,၇၆၉ | ၂,၀၅၂ | ၁,၇၄၇ |
| ၆ | ဇွန် | ၂,၁၁၃ | ၁,၆၉၆ | ၂,၀၉၁ | ၁,၆၇၅ |
| ၇ | ဇူလိုင် | ၁,၈၈၂ | ၁,၆၄၀ | ၁,၈၆၁ | ၁,၆၁၃ |
| ၈ | ဩဂုတ် | ၁,၇၁၅ | | ၁,၆၉၄ | |
| ၉ | စက်တင်ဘာ | ၁,၅၇၈ | | ၁,၅၅၇ | |
| ၁၀ | အောက်တိုဘာ | ၁,၆၂၆ | | ၁,၆၀၆ | |
| ၁၁ | နိုဝင်ဘာ | ၁,၅၅၄ | | ၁,၅၃၃ | |
| ၁၂ | ဒီဇင်ဘာ | ၁,၆၂၉ | | ၁,၆၀၂ | |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## နှမ်း

၁၈။ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ) တွင် ပြည်ပသို့ ဆီထွက်သီးနှံ နှမ်းတင်ပို့မှုအနေဖြင့် တန်ဘိုး ဒေါ်လာ (၂၅.၇၆)သန်း၊ တန်ချိန် (၁၆,၈၆၇.၃၃) သန်း တင်ပို့ခဲ့ပါသည်။ ယခုအပတ်တွင် နှမ်းတင်ပို့မှုအနေဖြင့် (၅၄၇) တန်၊ တန်ဖိုးဒေါ်လာ(၀.၉၀၃) သန်းရှိပြီး၊ ပင်လယ်ရေကြောင်းမှ ထိုင်း၊ စင်္ကာပူနှင့် တရုတ်နိုင်ငံတို့သို့ တင်ပို့ခဲ့ပြီး၊ နယ်စပ်မှ မြဝတီနှင့် ချင်းရွှေဟော်စခန်းတို့မှ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

ဇယား (၁၃)- ပြည်တွင်းနှမ်းဈေးနှုန်းများ

ကျပ်/ တန်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ယခုအပတ် (၄-၈-၂၀၂၃) | ယခင်အပတ် (၂၈-၇-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | ကျပ်/တန် | % |
| ၁ | **နှမ်းနက်** | | | | |
| | မန္တလေး | ၄,၆၉၀,၀၀၀ | ၄,၆၂၀,၀၀၀ | ၇၀,၀၀၀ | ၁.၄၉% |
| | မကွေး | ၄,၇၆၀,၀၀၀ | ၄,၅၅၀,၀၀၀ | ၂၁၀,၀၀၀ | ၄.၄၁% |
| ၂ | **နှမ်းဖြူ** | | | | |
| | မန္တလေး | ၄,၈၃၀,၀၀၀ | ၅,၁၇၀,၀၀၀ | - ၃၄၀,၀၀၀ | - ၇.၀၄% |
| | မကွေး | ၄,၈၃၀,၀၀၀ | ၄,၆၉၀,၀၀၀ | ၁၄၀,၀၀၀ | ၂.၉၀% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

ဇယား (၁၄)- နိုင်ငံအလိုက်နှမ်းဈေးနှုန်းများ

USD/ တန်

| စဉ် | နိုင်ငံ | ယခုအပတ် (၄-၈-၂၀၂၃) | ယခင်အပတ် (၂၈-၇-၂၀၂၃) | ခြားနားချက် | |
|---|---|---|---|---|---|
| | | | | USD | % |
| ၁ | **နှမ်းနက်** | | | | |
| | အိန္ဒိယ | ၁,၉၄၁ | ၁,၉၉၃ | - ၅၁ | - ၂.၅၇% |
| | တရုတ် | ၁,၈၃၅ | ၁,၇၅၀ | ၈၅ | ၄.၈၆% |
| | မြန်မာ | ၁၆၇၀ | ၁၆၇၆ | - ၆ | - ၀.၃၆% |
| ၂ | **နှမ်းဖြူ** | | | | |
| | အိန္ဒိယ | ၁,၉၆၆ | ၂,၀၃၅ | - ၇၀ | - ၃.၄၂% |
| | တရုတ် | ၁,၉၅၀ | ၁,၈၉၀ | ၆၀ | ၃.၁၇% |
| | မြန်မာ | ၁၆၀၁ | ၁၆၀၆ | - ၅ | - ၀.၃၁% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

## ရေထွက်ပစ္စည်း ရောင်းချမှု အခြေအနေ

၁၉။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၏ ကိန်းဂဏန်း အချက်အလက်များအရ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လတွင် ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှရရှိ

သည့် စုစုပေါင်းဝင်ငွေစာရင်းကို လေ့လာပါက ငါးမှာ တန်ချိန် (၂၄,၆၈၅.၀၇) ၊ တန်ဖိုးဒေါ်လာ (၂၈.၂၁) သန်း၊ ပုဇွန်မှာ တန်ချိန် (၁,၁၃၈.၈၃)၊ တန်ဖိုး ဒေါ်လာ (၄.၄၉) သန်းနှင့် အခြားရေထွက် ပစ္စည်းများမှာ တန်ချိန် (၁၇,၂၃၇.၄၅)၊ တန်ဖိုးဒေါ်လာ (၃၀.၉၂) သန်း ရရှိခဲ့သည်ကို သိရှိရပါသည်။ ဇယား (၁၅)

၂၀။ ယခင်နှစ်အလားတူကာလ ၂၀၂၂-၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ငါးတင်ပို့မှုတွင် တန်ချိန်အားဖြင့် (၃၈၀.၂၅) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၀.၇၃) သန်း နှင့် အခြားရေထွက်ပစ္စည်းများမှာ တန်ချိန် (၈,၇၉၄.၉၁)၊ တန်ဖိုးဒေါ်လာ (၂.၈၄) သန်း ပိုမိုတင်ပို့ခဲ့ပြီး၊ ပုဇွန်မှာ တန်ချိန် (၂၉၉.၃၀)၊ တန်ဖိုးဒေါ်လာ (၁.၁၇) သန်း လျော့နည်းတင်ပို့ခဲ့ကြောင်း ဖော်ပြပါဇယားအရ သိရှိရပါသည်။ ဇယား (၁၅)

ဇယား (၁၅) – ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ရေထွက်ပစ္စည်း ပြည်ပတင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေစာရင်း အခြေပြဇယား

တန်ချိန်- မက်ထရစ်တန်(ရိုးရိုး)
တန်ဘိုး-အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | US $ ဖြင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှု | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ငါး | | ပုဇွန် | | အခြား | | စုစုပေါင်း | |
| | | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး | တန်ချိန် | တန်ဘိုး |
| ၁ | **ပုံမှန်ကုန်သွယ်ရေး** | **၁၀,၆၉၁.၄၃** | **၁၃.၂၆** | **၉၈၀.၀၂** | **၃.၆၁** | **၆,၇၄၂.၂** | **၁၄.၀၅** | **၁၈,၄၁၃.၆၅** | **၃၀.၉၂** |
| | (က) ပုဂ္ဂလိက ကုမ္ပဏီများ | ၁၀,၆၉၁.၄၃ | ၁၃.၂၆ | ၉၈၀.၀၂ | ၃.၆၁ | ၆,၇၄၂.၂ | ၁၄.၀၅ | **၁၈,၄၁၃.၆၅** | **၃၀.၉၂** |
| ၂ | **နယ်စပ်ကုန်သွယ်ရေး** | **၁၃,၉၉၃.၆၄** | **၁၄.၉၅** | **၁၅၈.၈၁** | **၀.၈၈** | **၁၀,၄၉၅.၂၅** | **၁၆.၈၇** | **၂၄,၆၄၇.၇** | **၃၂.၇၀** |
| | (က) မြဝတီ | ၁၆၃.၇၈ | ၀.၁၇ | ၀.၄ | ၀.၀၀၄ | ၅၇.၅၃ | ၀.၁၂ | **၂၂၁.၇** | **၀.၃၀** |
| | (ခ) ကော့သောင်း | ၁၂,၈၃၅.၃၉ | ၁၃.၄၇ | ၁၁၂.၂၉ | ၀.၆၂ | ၅၉၀.၈၈ | ၁.၅၁ | **၁၃,၅၃၈.၅၆** | **၁၅.၆၀** |
| | (ဂ) စစ်တွေ | ၀. | ၀. | ၀ | ၀. | ၀ | ၀. | **၀.** | **၀.** |
| | (ဃ) မြိတ် | ၁၆၁.၈၄ | ၀.၂၁ | ၃.၅၇ | ၀.၀၂ | ၂,၄၀၄.၄၅ | ၂.၂၀ | **၂,၅၆၉.၈၆** | **၂.၄၃** |
| | (င) မူဆယ် | ၁၇၀.၃၉ | ၀.၃၇ | ၄၂.၅၅ | ၀.၂၃ | ၇,၀၂၀.၄၆ | ၁၂.၃၁ | **၇,၂၃၃.၃၉** | **၁၂.၉၁** |
| | (စ) မောင်တော | ၃၁၇.၆၆ | ၀.၄၁ | ၀ | ၀ | ၁၃၃.၇၀ | ၀.၁၁ | **၄၅၁.၃၆** | **၀.၅၂** |
| | (ဆ) မောတောင် | ၃၄၄.၅၉ | ၀.၃၃ | ၀. | ၀. | ၂၈၈.၂၄ | ၀.၆၁ | **၆၃၂.၈၂** | **၀.၉၄** |
| | (ဇ)ကျိုင်းလတ် | ၀. | ၀. | ၀. | ၀. | ၀.၀၀၀ | ၀ | **၀.** | **၀.** |
| ၂၀၂၃-၂၀၂၄ ခုနှစ် ဇူလိုင်လ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၂၄,၆၈၅.၀၇ | ၂၈.၂၁ | ၁,၁၃၈.၈၄ | ၄.၄၉ | ၁၇,၂၃၇.၄၆ | ၃၀.၉၂ | ၄၃,၀၆၁.၃၅ | ၆၃.၆၂ |
| ၂၀၂၂-၂၀၂၃ ခုနှစ် ဇူလိုင်လ အတွင်း ပြည်ပပို့ကုန် စုစုပေါင်း | | ၂၄,၃၀၄.၈၂ | ၂၇.၄၈ | ၁,၄၃၈.၁၃ | ၅.၆၆ | ၈,၄၄၂.၅၅ | ၂၈.၀၈ | ၃၄,၁၈၅.၄၉ | ၆၁.၂၂ |
| ခြားနားချက် | | ၃၈၀.၂၅ | ၀.၇၃ | - ၂၉၉.၃၀ | - ၁.၁၇ | ၈,၇၉၄.၉၁ | ၂.၈၄ | ၈,၈၇၅.၈၆ | ၂.၄၀ |

အရင်းအမြစ်။ ငါးလုပ်ငန်းဦးစီးဌာန

## (၅) နှစ်တာကာလအတွင်း ပြည်ပမှ သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်

၂၁။ ပြီးခဲ့သည့် (၅)နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ပြည်ပမှသွင်းကုန်တင်သွင်းမှု အခြေအနေကို လေ့လာပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် သွင်းကုန်တန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ (၁၈,၆၈၁.၈၄) သန်းရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာ (၁၇,၃၅၂.၇၂) သန်းရှိခဲ့သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်ထက် အမေရိကန်ဒေါ်လာ (၁,၃၂၉.၁၂) သန်း (၇%) လျော့နည်းလာခဲ့ကြောင်း သိရသည်။(နောက်ဆက်တွဲဇယား-ဂ)

## ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဩဂုတ်လ (၄) ရက်ထိ သွင်းကုန် တင်သွင်းမှုအခြေအနေ

၂၂။ အစီရင်ခံကာလအတွင်း သွင်းကုန်စုစုပေါင်း အမေရိကန် ဒေါ်လာ (၆,၁၁၇.၀၄) သန်းတွင် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများ ဒေါ်လာ (၁,၃၀၁.၈၈) သန်း၊ လုပ်ငန်းသုံးကုန်ပစ္စည်းများ ဒေါ်လာ (၂,၉၇၁.၂၈) သန်း၊ လူသုံးကုန်ပစ္စည်းများ ဒေါ်လာ (၉၆၅.၈၆) သန်း နှင့် CMP ပစ္စည်းများ ဒေါ်လာ (၈၇၇.၉၉) သန်းပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲဇယား-ဂ)

## လယ်ယာကဏ္ဍသွင်းကုန်ပစ္စည်းများ၏ တင်သွင်းမှုအခြေအနေ

၂၃။ (၁-၄-၂၀၂၃) မှ (၄-၈-၂၀၂၃) ထိ မြန်မာနိုင်ငံမှတင်သွင်းသည့် အဓိကကုန်စည်ပစ္စည်း (၁၁) မျိုးအနက် **လယ်ယာကဏ္ဍသွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများ**၏ တင်သွင်းမှုအခြေအနေမှာ **စားအုန်းဆီ** တန်ချိန် (၂၀၁,၇၈၉) ၊ တန်ဖိုးဒေါ်လာ (၂၀၅.၂၄) သန်း၊ **ဓာတ်မြေဩဇာ** တန်ချိန် (၆၆၆,၈၇၈) ၊ တန်ဖိုး ဒေါ်လာ (၂၅၉.၉၆) သန်း၊ **ဂျုံစေ့** တန်ချိန် (၁၅၃,၁၃၉) ၊ တန်ဖိုး ဒေါ်လာ (၆၅.၂၂) သန်း နှင့် **ဂျုံမှုန့်** တန်ချိန် (၄၉၆) ၊ တန်ဖိုး ဒေါ်လာ (၀.၃၂) သန်း ပါရှိခဲ့ပါသည်။ (ဇယား -၁၆၊ ပုံ-၇၊ ၈)

၂၄။ အခြားတင်သွင်းကုန်များဖြစ်သည့် **နို့ဆီ**မှာ တန်ချိန် (၆,၉၁၇) ၊ တန်ဖိုးဒေါ်လာ (၉.၆၈) သန်း၊ **နို့စိမ်း**မှာ တန်ချိန် (၇,၁၅၂)၊ တန်ဖိုးဒေါ်လာ (၁၀.၆၈) သန်းနှင့် **နို့မှုန့်**မှာ တန်ချိန် (၃,၃၃၅)၊ တန်ဖိုးဒေါ်လာ (၉.၇၀)သန်းစီ ပါရှိခဲ့ကြောင်း သိရှိရပါသည်။ (ဇယား-၁၆)


၂၅။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကိန်းဂဏန်းအချက်အလက်များ အရ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ဇူလိုင်လ (၃၁) ရက်ထိ **မြေဩဇာတင်သွင်းမှု**တွင် စုစုပေါင်း တန်ချိန် (၆၂၂,၁၈၄) တင်သွင်းခဲ့ပါသည်။ အဆိုပါ တင်သွင်းမှုတွင် နိုင်ထရိုဂျင် (၃၇၀,၉၀၃) တန်၊ ဖော့စဖိတ် (၂၂,၁၁၅) တန်၊ ပိုတက်စီယမ် (၁၉,၉၂၆) တန်၊ ကွန်ပေါင်း (၂၀၀,၅၃၃)တန်၊ ဖော်လာ (၃၄၈) တန်၊ အော်ဂဲနစ်(၁,၅၀၃) တန်၊ ဂျစ်ပဆန်(၉၆၄) တန်နှင့် အခြားမြေဩဇာ စုစုပေါင်း (၅,၈၉၂) တန် အသီးသီးပါဝင်ခဲ့ပါသည်။ (နောက်ဆက်တွဲ ဇယား-ဃ)

## ဇယား (၁၆) အဓိကကုန်ပစ္စည်း (၁၁) မျိုး၏ တင်သွင်းမှုအခြေပြဇယား


အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ရေတွက်ပုံ | ကာလတူ (ဧပြီ ၁ ရက်မှ ဩဂုတ်လ (၄) ရက်ထိ) | | | |
|---|---|---|---|---|---|---|
| | | | ၂၀၂၃-၂၀၂၄ ယခုနှစ် | ၂၀၂၂-၂၀၂၃ ယခင်နှစ် | ခြားနားချက် | |
| | | | | | ပမာဏ | % |
| | **စုစုပေါင်း** | US$ | ၂၄၂၀.၀ | ၂,၀၀၂.၆၈ | ၄၁၇.၃၀ | ၂၁% |
| ၁ | ဒီဇယ် | US$ | ၁,၀၉၅.၃၄ | ၈၀၆.၃၉ | ၂၈၈.၉၅ | ၃၆% |
| | | တန် | ၁,၃၃၈,၈၁၂ | ၆၈၀,၁၇၄ | ၆၅၈,၆၃၈ | ၉၇% |
| ၂ | ဓါတ်ဆီ | US$ | ၆၃၉.၁၉ | ၅၉၆.၃၆ | ၄၂.၈၃ | ၇% |
| | | တန် | ၆၇၆,၁၇၀ | ၄၆၀,၁၈၃ | ၂၁၅,၉၈၇ | ၄၇% |
| ၃ | စားအုန်းဆီ | US$ | ၂၀၅.၂၄ | ၂၆၅.၈၆ | - ၆၀.၆၂ | - ၂၃% |
| | | တန် | ၂၀၁,၇၈၉ | ၁၆၇,၈၄၅ | ၃၃,၉၄၄ | ၂၀% |
| ၄ | မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်း | US$ | ၁၁၅.၉၉ | ၇၆.၉၄ | ၃၉.၀၅ | ၅၁% |
| | | စီး | ၃,၃၃၁ | ၁,၃၈၈ | ၁,၉၄၃ | ၁၄၀% |
| | လူစီးယာဉ် | US$ | ၁၃.၅၇ | ၂.၉၂ | ၁၀.၆၅ | ၃၆၅% |
| | | စီး | ၅၆၀ | ၁၁၈ | ၄၄၂ | ၃၇၅% |
| | ဘတ်စ် | US$ | ၀.၂၄ | ၁.၈၄ | - ၁.၆၀ | - ၈၈% |
| | | စီး | ၁၀ | ၁၁၃ | - ၁၀၃ | - ၉၁% |
| | ထရပ် | US$ | ၇.၁၁ | ၅.၅၄ | ၁.၅၇ | ၂၈% |
| | | စီး | ၄၆၅ | ၄၄၂ | ၂၃ | ၅% |
| | ယန္တယား | US$ | ၆၆.၇၈ | ၄၆.၄၅ | ၂၀.၃၃ | ၄၄% |
| | | စီး | ၂,၂၉၆ | ၇၁၅ | ၁,၅၈၁ | ၂၂၁% |
| | ယာဉ်အပိုပစ္စည်း | US$ | ၂၈.၃၁ | ၂၀.၁၈ | ၈.၁၃ | ၄၀% |
| ၅ | ဘိလပ်မြေ | US$ | ၈.၆၆ | ၁၄.၂၈ | - ၅.၆၂ | - ၃၉% |
| | | တန် | ၁၀၀,၉၄၂ | ၁၆၉,၆၁၈ | - ၆၈,၆၇၆ | - ၄၀% |
| ၆ | ဓာတ်မြေသြဇာ | US$ | ၂၅၉.၉၆ | ၁၉၅.၉၃ | ၆၄.၀၃ | ၃၃% |
| | | တန် | ၆၆၆,၈၇၈ | ၃၃၉,၂၈၉ | ၃၂၇,၅၈၉ | ၉၇% |
| ၇ | ဂျုံစေ့ | US$ | ၆၅.၂၂ | ၁၉.၄၁ | ၄၅.၈၁ | ၂၃၆% |
| | | တန် | ၁၅၃,၁၃၉ | ၄၆,၀၁၄ | ၁၀၇,၁၂၅ | ၂၃၃% |
| ၈ | ဂျုံမှုန့် | US$ | ၀.၃၂ | ၁.၈၃ | - ၁.၅၁ | - ၈၃% |
| | | တန် | ၄၉၆ | ၄,၆၃၉ | - ၄,၁၄၃ | - ၈၉% |
| ၉ | နို့ဆီ | US$ | ၉.၆၈ | ၇.၉၂ | ၁.၇၆ | ၂၂% |
| | | တန် | ၆,၉၁၇ | ၅,၈၂၆ | ၁,၀၉၁ | ၁၉% |
| ၁၀ | နို့စိမ်း | US$ | ၁၀.၆၈ | ၁၀.၇၄ | - ၀.၀၆ | - ၁% |
| | | တန် | ၇,၁၅၂ | ၇,၅၇၄ | - ၄၂၂ | - ၆% |
| ၁၁ | နို့မှုန့် | US$ | ၉.၇ | ၇.၀၂ | ၂.၆၈ | ၃၈% |
| | | တန် | ၃,၃၃၅ | ၂,၆၄၀ | ၆၉၅ | ၂၆% |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၇)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ဖိုး နှိုင်းယှဉ်ပြဂရပ်- ဒေါ်လာသန်း




ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
ပုံ(၈)။ လယ်ယာကဏ္ဍဆိုင်ရာ သွင်းကုန်တန်ချိန် နှိုင်းယှဉ်ပြဂရပ်-တန်ချိန်

## သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ချက်

၂၆။ သွင်းကုန်အုပ်စုအလိုက် တင်သွင်းမှုအား ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက (၁-၄-၂၀၂၃) မှ (၄-၈-၂၀၂၃)ထိ စုစုပေါင်းတင်သွင်းမှု ဒေါ်လာ (၆,၁၁၇.၀၄) သန်း ရှိခဲ့ပြီး ယခင်နှစ် အလားတူ ကာလတွင် ဒေါ်လာ (၅,၇၃၂.၇၃)သန်း ရှိခဲ့သဖြင့် ဒေါ်လာသန်း (၃၈၄.၃၁) (၇%) တိုးမြင့် တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

၂၇။ ကုန်စည်အုပ်စုလိုက် တင်သွင်းမှုအနေဖြင့် ယခုနှစ်တွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၂,၉၇၁.၂၈) သန်းဖြင့် အများဆုံးနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း တင်သွင်းမှုမှာ ဒေါ်လာ (၁,၃၀၁.၈၈) သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကိုတွေ့ရပြီး ယခင်နှစ် အလားတူကာလတွင် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာသန်း (၂,၅၆၄.၉၂) ဖြင့် အများဆုံး၊ လူသုံးကုန်ပစ္စည်းတင်သွင်းမှုမှာ ဒေါ်လာ (၁,၁၀၄.၇၈)သန်းဖြင့် ဒုတိယအများဆုံး တင်သွင်းခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၇)

## ဇယား (၁၇)- ပြည်ပမှသွင်းကုန်တင်သွင်းမှု ကာလတူနှိုင်းယှဉ်ချက် အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | သွင်းကုန် အုပ်စု | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃)ထိ | | | ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (၁-၄-၂၀၂၂ မှ ၄-၈-၂၀၂၂)ထိ | | | တိုး(+)/လျော့(-) | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | နိုင်ငံ ပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း | နိုင်ငံပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | နိုင်ငံ ပိုင် | ပုဂ္ဂလိက ပိုင် | ပေါင်း | % |
| ၁ | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်း | ၂၈၅.၀၆ | ၁၀၁၆.၈၂ | ၁၃၀၁.၈၈ | ၁၈၁.၅၈ | ၈၅၉.၀၇ | ၁၀၄၀.၆၅ | ၁၀၃.၄၈ | ၁၅၇.၇၅ | ၂၆၁.၂၃ | **၂၅%** |
| ၂ | လုပ်ငန်းသုံးကုန် ကြမ်းပစ္စည်း | ၅၃.၆၃ | ၂၉၁၇.၆၅ | ၂၉၇၁.၂၈ | ၅၁.၂၈ | ၂၅၁၃.၆၄ | ၂၅၆၄.၉၂ | ၂.၃၅ | ၄၀၄.၀၁ | ၄၀၆.၃၆ | **၁၆%** |
| ၃ | လူသုံးကုန် ပစ္စည်း | ၁၆.၃၈ | ၉၄၉.၅၁ | ၉၆၅.၈၉ | ၉၄.၂၅ | ၁၀၁၀.၅၃ | ၁၁၀၄.၇၈ | - ၇၇.၈၈ | - ၆၁.၀၂ | - ၁၃၈.၈၉ | **- ၁၃%** |
| ၄ | CMP | ၀ | ၈၇၇.၉၉ | ၈၇၇.၉၉ | | ၁၀၂၂.၃၉ | ၁၀၂၂.၃၉ | ၀ | - ၁၄၄.၄ | - ၁၄၄.၄ | **- ၁၄%** |
| | **စုစုပေါင်း** | ၃၅၅.၀၇ | ၅၇၆၁.၉၇ | ၆၁၁၇.၀၄ | ၃၂၇.၁၀ | ၅၄၀၅.၆၃ | ၅၇၃၂.၇၃ | ၂၇.၉၇ | ၃၅၆.၃၄ | ၃၈၄.၃၁ | ၇% |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)

၂၈။ လယ်ယာကဏ္ဍ သွင်းကုန်ဆိုင်ရာကုန်ပစ္စည်းများဖြစ်သည့် **စားအုန်းဆီ**မှာ ယခင်နှစ်ထက် တန်ချိန် (၃၃,၉၄၄) ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ဒေါ်လာ (၆၀.၆၂)သန်း လျော့နည်းခဲ့သည်။ **ဓာတ်မြေသြဇာ**မှာ တန်ချိန်အားဖြင့် (၃၂၇,၅၈၈)၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၆၄.၀၃) သန်းနှင့် **ဂျုံစေ့**မှာ တန်ချိန် (၁၀၇,၁၂၅)နှင့် တန်ဖိုးအားဖြင့် ဒေါ်လာ (၄၅.၈၁) သန်းစီ ပိုမိုတင်သွင်းခဲ့သည်ကို တွေ့ရပြီး၊ အခြားကုန်စည်ဖြစ်သော **ဂျုံမှုန့်**မှာ တန်ချိန်အားဖြင့် (၄၁၄၃) တန်၊ တန်ဖိုးအားဖြင့် ဒေါ်လာ (၁.၅၁) သန်း လျော့နည်းတင်သွင်းခဲ့သည်။ (ဇယား -၁၆)

## သုံးသပ်ချက်

၂၉။ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃) ထိ ပို့ကုန်တင်ပို့မှု စုစုပေါင်း ဒေါ်လာ (၅,၃၂၈.၄၆) သန်း တင်ပို့နိုင်ခဲ့ပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ(၁,၁၃၂.၉၄) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၂.၅၈) သန်း၊ ရေထွက် ဒေါ်လာ(၁၈၅.၅၂) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၁၉.၂၆)သန်း၊ သစ်တော ထွက် ဒေါ်လာ(၂၅.၅၄)သန်း၊ စက်မှုကုန်ချောဒေါ်လာ (၃,၂၅၁.၃၆) သန်းနှင့် အခြားပို့ကုန် ဒေါ်လာ (၆၁၁.၂၅) သန်းပါဝင်ခဲ့သည်ကိုတွေ့ရှိရသည်။ ယခင်နှစ်အလားတူကာလထက် အခြားပို့ကုန် ပစ္စည်းမှအပ ကျန်ပို့ကုန်များတင်ပို့မှုလျော့ကျခဲ့သည်ကိုတွေ့ရပြီး လယ်ယာထွက်ပစ္စည်း ဒေါ်လာ (၁၇၂.၈၇) သန်း၊ တိရစ္ဆာန်ထွက် ဒေါ်လာ(၁၂.၉၄) သန်း၊ ရေထွက် ဒေါ်လာ (၂၄.၅၈) သန်း၊ သတ္တုတွင်းထွက် ဒေါ်လာ (၁၄.၇၈) သန်း၊ သစ်တောထွက် ဒေါ်လာ(၃၂.၈၂) သန်း နှင့်

စက်မှုကုန်ချော ဒေါ်လာ(၇၈၂.၅၄) သန်း အသီးသီး လျော့နည်းတင်ပို့ခဲ့ပြီး၊ အခြားပို့ကုန် တင်ပို့မှုတွင် ဒေါ်လာ (၄၅၃.၆၃) သန်း ပိုမိုတင်ပို့ခဲ့ကြောင်း တွေ့ရှိရပါသည်။ (နောက်ဆက်တွဲဇယား- က)

၃၀။ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃) ထိ ပို့ကုန်တင်ပို့စုစုပေါင်းတွင် လယ်ယာထွက်ပစ္စည်း တင်ပို့မှုမှာ ဒေါ်လာ (၁,၁၃၂.၉၄) သန်း ပါဝင်ခဲ့ပြီး-

(က) **ဆန်နှင့် ဆန်ကွဲ**တင်ပို့မှု တန်ချိန်(၃၃၃,၂၆၆.၅၉) ၊ တန်ဖိုး ဒေါ်လာ(၁၄၃.၉၈) သန်းတွင် ဆန်တန်ချိန် (၁၄၄,၇၂၂.၈၉)နှင့် ဆန်ကွဲတန်ချိန် (၁၈၈,၅၄၃.၇၀) တင်ပို့ခဲ့ပြီး၊ ယခင်နှစ်ကာလတူထက် **ဆန်** တန်ချိန် (၂၉၉,၁၆၅.၉၁) **နှင့် ဆန်ကွဲ** တန်ချိန် (၁၀၉,၁၈၄.၆၅) စီ လျော့နည်းတင်ပို့ခဲ့ပါသည်။ စုစုပေါင်းအနေဖြင့် ယခင်နှစ်အလားတူကာလထက် ဆန်နှင့်ဆန်ကွဲ တန်ချိန် (၄၀၈,၃၅၀.၅၆) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(ခ) **ပဲအမျိုးမျိုး**တွင် တန်ချိန် (၅၈၀,၆၀၉.၁၃) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၀,၃၆၈.၇၀) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဂ) **ပြောင်း**တွင် တန်ချိန် (၇၇၆,၇၀၇.၈၂) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၂၂၀၃၆.၄၅) ပိုမိုတင်ပို့ခဲ့ကြောင်း၊

(ဃ) **နှမ်း**တွင် တန်ချိန် (၁၆,၈၆၇.၃၃) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၁၅,၄၄၈.၅၈) လျော့နည်းတင်ပို့ခဲ့ကြောင်း၊

(င) **ရော်ဘာစိမ်း**တွင် တန်ချိန်(၅၅,၉၄၂.၅၂) တင်ပို့ခဲ့ပြီး ယခင်နှစ်အလားတူ ကာလထက် တန်ချိန် (၂၇,၇၆၇.၆၁) လျော့နည်းတင်ပို့ခဲ့ကြောင်းသိရှိရပါသည်။(ဇယား- ၂)

၃၁။ **သွင်းကုန်တင်သွင်းမှု**အနေဖြင့် ၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ စုစုပေါင်းဒေါ်လာ (၆၁၁၇.၀၄) သန်းရှိခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ဒေါ်လာ (၃၈၄.၃၁) သန်း တိုးမြင့်တင်သွင်းခဲ့သည်ကိုတွေ့ရသည်။ ကုန်ပစ္စည်းအလိုက် တင်သွင်းမှုတွင် **စားအုန်းဆီ**မှာ ယခင်နှစ်ကာလတူထက် တန်ချိန် (၃၃,၉၄၄) ပိုမိုခဲ့ပြီး၊ တန်ဖိုးအားဖြင့် ဒေါ်လာ(၆၀.၆၂)သန်း လျော့နည်း တင်သွင်းခဲ့ကြောင်းနှင့် **ဓာတ်မြေသြဇာ**မှာ တန်ချိန် (၃၂၇,၅၈၉)၊ တန်ဖိုး ဒေါ်လာအားဖြင့် (၆၄.၀၃) သန်း တိုးမြင့်တင်သွင်းခဲ့ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နောက်ဆက်တွဲဇယား(ဃ)- ဇယား(၁၇)

၃၂။ **ရေထွက်ပစ္စည်းတင်ပို့မှု**တွင် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လအတွင်း ငါး၊ ပုဇွန်နှင့် အခြားရေထွက်ပစ္စည်းစုစုပေါင်း တန်ချိန် (၄၃,၀၆၁.၃၅)၊ တန်ဖိုး ဒေါ်လာ (၆၃.၆၂) သန်းနှင့် ယခင်နှစ် အလားတူ

ကာလတွင် တန်ချိန် (၃၄,၁၈၅.၄၉) ၊ တန်ဖိုး ဒေါ်လာ(၆၁.၂၂) သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် တန်ချိန် (၈,၈၇၅.၈၆)နှင့် တန်ဖိုးအားဖြင့်(၂.၄၀) သန်း ပိုမိုတင်ပို့ခဲ့သည်ကို တွေ့ရသည်။ (ဇယား-၁၅)

**နိဂုံး**

၃၃။ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍပို့ကုန်တင်ပို့မှု (လယ်ယာထွက်ကုန်ပို့ကုန်အခြေအနေ၊ ပဲမျိုးစုံတင်ပို့နိုင်မှု) အခြေအနေ၊ တင်သွင်းမှု (ကုန်ပစ္စည်းအုပ်စုအလိုက်တင်သွင်းမှု) အခြေအနေ နှင့် ရေထွက်ပစ္စည်းတင်ပို့မှုများအား သိရှိနိုင်ပါရန် သုံးသပ်ချက်နှင့်တကွ ပြုစုတင်ပြအပ်ပါသည်။

လယ်ယာစီးပွားနှင့် ကုန်သွယ်မှုဌာနခွဲ

နောက်ဆက်တွဲဇယား-က

# ကုန်စည်အုပ်စုအလိုက် ပို့ကုန်တန်ဖိုးအခြေပြဇယား

## ၂၀၁၈ -၂၀၁၉ မှ ၂၀၂၃-၂၄ (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃ ထိ)

ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ (ပြီးမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြီးမှ မတ်) | ၂၀၂၀-၂၀၂၁ (ပြီး မှ မတ်) | ၂၀၂၁-၂၂ (ပြီး မှ မတ်) | ၂၀၂၂-၂၃ (ပြီး မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃) မှ (၄-၈-၂၀၂၃)ထိ |
|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | ၂,၉၈၆.၉၈ | ၃၆,၄၆.၈၀ | ၄,၅၆၀.၄၁ | ၄,၁၀၂.၆၉ | ၃,၉၉၉.၀၂ | **၁,၁၃၂.၉၄** |
| ၂ | တိရိစ္ဆာန်ထွက်ပစ္စည်း | ၄၅၃.၇၁ | ၄၂၀.၈၁ | ၆၉.၄၂ | ၈.၀၄ | ၂၀.၅၀ | **၂.၅၈** |
| ၃ | ရေထွက်ပစ္စည်း | ၇၃၀.၉၈ | ၁၂၂၈.၈၅ | ၈၀၄.၄၃ | ၈၂၄.၃၀ | ၇၆၅.၉၅ | **၁၈၅.၅၂** |
| ၄ | သတ္တုတွင်းထွက်ပစ္စည်း | ၁,၅၉၇.၆၀ | ၂,၅၈၈.၅၉ | ၁,၂၈၀.၈၂ | ၆၄၆.၅၆ | ၃၃၇.၀၆ | **၁၁၉.၂၆** |
| ၅ | သစ်တောထွက်ပစ္စည်း | ၁၈၅.၉၆ | ၂၆၅.၄၄ | ၁၂၈.၆၀ | ၁၄၆.၉၉ | ၁၃၉.၃၆ | **၂၅.၅၄** |
| ၆ | စက်မှုကုန်ချောပစ္စည်း | ၉,၃၉၈.၂၄ | ၁၅,၄၉၀.၂၃ | ၈,၇၇၆.၆၆ | ၈,၅၆၀.၂၂ | ၁၀,၉၄၀.၄၉ | **၃,၂၅၁.၃၆** |
| ၇ | အခြားပစ္စည်း | ၁,၈၀၀.၉၃ | ၉၈၉.၅၃ | ၉၆၃.၃၁ | ၇၃၇.၁၀ | ၄၁၇.၈၁ | **၆၁၁.၂၅** |
| **စုစုပေါင်း** | | ၁၇,၁၅၄.၄၀ | **၂၄,၆၃၀.၂၄** | ၁၆,၅၈၃.၆၆ | ၁၅,၀၂၅.၉၀ | ၁၆,၆၂၀.၁၈ | **၅,၃၂၈.၄၆** |

ရင်းမြစ်– Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ခ

## လယ်ယာထွက်ကုန်ပစ္စည်း ပို့ကုန်တန်ဖိုးအခြေပြဇယား

ဒေါ်လာသန်း

| စဉ် | ပို့ကုန် အမျိုးအမည် | တန်ချိန်/ တန်ဘိုး | ၂၀၁၈-၂၀၁၉ (ပြေီမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြေီမှ မတ်) | ၂၀၂၀-၂၀၂၁ (ပြေီ မှ မတ်) | ၂၀၂၁-၂၂ (ပြေီ မှ မတ်) | ၂၀၂၂-၂၃ (ပြေီ မှ မတ်) | ၂၀၂၃-၂၀၂၄ (၁-၄-၂၀၂၃ ) မှ (၄-၈-၂၀၂၃) ထိ |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန်၊ ဆန်ကွဲ | US$ | ၇၇၈.၉၉၉ | ၈၀၃.၂၇ | ၇၄၁.၁၆ | ၇၁၅.၉၈ | ၈၂၁.၃၁ | ၁၄၃.၉၈ |
| | | မတန် | ၂,၃၈၁,၇၅၅.၉၈ | ၂,၇၆၄,၇၄၄.၅၄ | ၂,၀၄၉,၀၃၇.၉၆ | ၂,၁၃၂,၂၃၂.၈၅ | ၂,၁၉၇,၅၁၀.၇၉ | ၃၃၃,၂၆၆.၅၉ |
| | ဆန် | US$ | ၆၄၈.၇၂ | ၅၈၁.၄၀ | ၄၅၆.၈ | ၄၅၉.၈၈ | ၅၁၈.၀၅ | ၆၉.၇၄ |
| | | မတန် | ၁,၉၂၉,၈၄၂.၂၆ | ၁,၉၀၈,၁၆၃.၇၂ | ၁,၁၆၁,၅၂၉.၃၅ | ၁,၃၀၄,၅၀၆.၉၀ | ၁,၃၂၇,၉၇၅.၈၃ | ၁၄၄,၇၂၂.၈၉ |
| | ဆန်ကွဲ | US$ | ၁၃၀.၂၇၆ | ၂၂၁.၈၆ | ၂၈၄.၃၇ | ၂၅၆.၀၈ | ၃၀၃.၂၅၃ | ၇၄.၂၄ |
| | | မတန် | ၄၅၁,၉၁၃.၇၂ | ၈၅၆,၅၈၀.၈၂ | ၈၈၇,၅၀၈.၆၁ | ၈၂၇,၇၂၅.၉၅ | ၈၆၉,၅၃၄.၉၆ | ၁၈၈,၅၄၃.၇၀ |
| ၂ | ပဲအမျိုးမျိုး | US$ | ၉၀၅.၁၅ | ၁၁၃၂.၀၅ | ၁၃၈၈.၅၅ | ၁၅၉၅.၃၁ | ၁၄၇၀.၆၆ | ၄၆၃.၉၈ |
| | | မတန် | ၁,၆၄၇,၆၇၈.၃၄ | ၁,၆၀၈,၆၃၃.၈၅ | ၁,၇၅၇,၀၂၅.၁၄ | ၂,၁၄၆,၅၆၇.၂၈ | ၁,၉၁၉,၁၅၆.၁၀ | ၅၈၀,၆၀၉.၁၃ |
| | မတ်ပဲ | US$ | ၃၀၂.၉၁ | ၄၁၀.၆၆ | ၃၈၆.၅၉ | ၆၀၆.၉၉ | ၅၃၁.၈ | ၁၆၉.၄၅ |
| | | မတန် | ၆၈၈,၂၅၀.၃၀ | ၆၁၃,၈၉၇.၃၂ | ၄၈၇,၉၂၆.၀၁ | ၈၀၁,၆၃၃.၂၃ | ၆၄၉,၉၄၀.၂၃ | ၁၉၉,၉၂၄.၀၇ |
| | ပဲတီစိမ်း | US$ | ၃၀၀.၉၈ | ၃၆၀.၇၉ | ၄၈၆.၀၂ | ၅၅၅.၁၃ | ၄၈၉.၀၉ | ၁၃၅.၃၇ |
| | | မတန် | ၄၁၄,၀၁၂.၀၈ | ၄၈၀,၇၂၆.၈၅ | ၆၁၁,၁၂၄.၆၀ | ၇၃၄,၁၃၇.၀၆ | ၆၉၁,၃၉၉.၂၉ | ၂၀၂,၃၆၃.၉၇ |
| | ပဲစဉ်းငုံ | US$ | ၇၈.၀၅ | ၉၃.၂၈ | ၇၆.၃၆ | ၁၆၃.၆၉ | ၁၈၇.၃၉ | ၆၅.၅၅ |
| | | မတန် | ၂၁၀,၃၃၈.၁၀ | ၁၅၈,၂၇၁.၂၇ | ၁၁၄,၅၈၁.၃၇ | ၂၄၄,၉၀၇.၄၈ | ၂၃၉,၅၃၇.၇၃ | ၇၅.၉၉ |
| | မြေပဲဆံ | US$ | ၇၁.၂၉ | ၁၀၉.၇၄ | ၂၁၄.၇၁ | ၇၆.၅၄ | ၄၀.၁၆ | ၁၃.၇ |
| | | မတန် | ၆၁,၈၉၁.၅၉ | ၈၂,၇၄၀.၃၆ | ၁၇၀,၃၇၉.၅၁ | ၇၈,၃၄၇.၄၅ | ၃၂,၀၄၆.၁၇ | ၈,၈၇၅.၀၂ |
| ၃ | နှမ်း | US$ | ၁၅၀.၇ | ၂၂၈.၂၄ | ၄၁၄.၉၉ | ၂၄၈.၇ | ၁၃၂.၅၇ | ၂၅.၇၆ |
| | | မတန် | ၁၀၀,၇၀၄.၃၅ | ၁၃၂,၇၈၄.၇၀ | ၂၉၇,၇၉၅.၄၂ | ၁၉၇,၁၁၇.၁၄ | ၁၀၀,၀၆၅.၀၉ | ၁၆,၈၆၇.၃၃ |
| ၄ | ပြောင်း | US$ | ၂၁၉.၈၉ | ၃၆၈.၅၅ | ၄၇၂.၈၈ | ၅၇၃.၀၈ | ၅၉၃.၀၄ | ၂၃၇.၄၃ |
| | | မတန် | ၁,၀၆၀,၂၁၈.၆၂ | ၂,၁၉၁,၃၂၅.၂၄ | ၂,၆၀၇,၄၇၆.၁၇ | ၂,၄၁၄,၆၆၅.၀၅ | ၁,၉၂၁,၇၁၅.၁၈ | ၇၇၆,၇၀၇.၈၂ |
| ၅ | ရာဘာ | US$ | ၂၃၉.၈၂ | ၂၃၈.၄၉ | ၄၁၀.၂၆ | ၄၅၈.၅ | ၃၂၂.၁၉ | ၆၉.၀၄ |
| | | မတန် | ၁၉၁,၆၅၀.၀၄ | ၁၈၄,၈၄၀.၄၅ | ၂၈၈,၂၇၅.၅၅ | ၃၁၅,၀၂၀.၈၁ | ၂၃၉,၃၈၄.၆၅ | ၅၅,၉၄၂.၅၂ |
| ၆ | အခြား | US$ | ၆၉၂.၄၂ | ၈၇၆.၂၀ | ၁,၁၃၂.၅၈ | ၅၁၂.၄ | ၆၅၉.၂၅ | ၁၉၂.၇၅ |
| စုစုပေါင်း | | US$ | ၂,၉၈၆.၉၈ | ၃,၆၄၆.၇၉ | ၄,၅၆၀.၄၁ | ၄,၁၀၃.၉၂ | ၃,၉၉၉.၀၂ | ၁,၁၃၂.၉၄ |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန) မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဂ

## ဘဏ္ဍာနှစ်အလိုက် သွင်းကုန်တင်သွင်းမှု နှိုင်းယှဉ်ချက်အခြေပြဇယား

အမေရိကန်ဒေါ်လာသန်း

| စဉ် | အမျိုး အမည် | ၂၀၁၈-၁၉ (ပြီးမှ မတ်) | ၂၀၁၉-၂၀၂၀ (ပြီးမှ မတ်) | ၂၀၂၀-၂၁ (ပြီးမှ မတ်) | ၂၀၂၁-၂၀၂၂ (ပြီးမှ မတ်) | ၂၀၂၂-၂၀၂၃ (ပြီးမှ မတ်) | ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် (၁-၄-၂၀၂၃ မှ ၄-၈-၂၀၂၃)ထိ | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | | | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ပေါင်း |
| (က) | ရင်းနှီးမြှုပ်နှံမှု ကုန်ပစ္စည်းများ | ၆,၂၄၉.၄၁ | ၇,၂၆၁.၇၈ | ၅,၉၀၀.၄၀ | ၃,၃၃၄.၅၇ | ၃,၇၃၂.၄၇ | ၂၈၅.၁ | ၁,၀၁၆.၈၂ | ၁,၃၀၁.၈၈ |
| (ခ) | လုပ်ငန်းသုံး ကုန်ကြမ်း ပစ္စည်းများ | ၇,၄၆၄.၈၅ | ၇,၆၁၇.၆၂ | ၅,၅၁၁.၁၇ | ၆,၀၇၅.၂၀ | ၈,၉၅၃.၁၁ | ၅၃.၆၃ | ၂,၉၁၇.၆၅ | ၂,၉၇၁.၂၈ |
| (ဂ) | လူသုံးကုန် ပစ္စည်းများ | ၄,၉၆၇.၅၇ | ၅,၀၈၀.၅၄ | ၃,၉၂၅.၉၂ | ၃,၅၁၇.၇၈ | ၄,၆၆၇.၁၃ | ၁၆.၃၇ | ၉၄၉.၅၁ | ၉၆၅.၈၆ |
| (ဃ) | CMP | - | - | ၈၁၅.၂၆ | ၁,၈၉၅.၂၄ | - | - | ၈၇၇.၉၉ | ၈၇၇.၉၉ |
| **စုစုပေါင်း** | | **၁၈,၆၈၁.၈၄** | **၁၉,၉၅၉.၉၃** | **၁၆,၁၅၂.၇၄** | **၁၄,၈၂၂.၇၉** | **၁၇,၃၅၂.၇၂** | **၃၅၅.၀၇** | **၅,၇၆၁.၉၇** | **၆,၁၁၇.၀၄** |

ရင်းမြစ်- Myantrade (စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)မှ စာရင်းများအပေါ်မူတည်၍ တွက်ချက်ထားပါသည်။

နောက်ဆက်တွဲဇယား-ဃ

# ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဇူလိုင်လအတွင်း မြေဩဇာတင်သွင်းမှုအခြေအနေ

မက်ထရစ်တန်

| စဉ် | မြေဩဇာအမျိုးအစား | ၂၀၂၃ ခုနှစ် | | | | | | | | | ၂၀၂၄ ခုနှစ် | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | ဒီဇင်ဘာလ | ဇန်နဝါရီလ | ဖေဖော်ဝါရီ | မတ်လ | |
| ၁ | Nitrogen | ၄၃,၈၇၉ | ၈၂,၁၆၂ | ၇၃,၀၆၄ | ၁၇၁,၇၉၈ | | | | | | | | | ၃၇၀,၉၀၃ |
| ၂ | Phosphate | ၁,၉၀၁ | ၁၅,၇၁၇ | ၀ | ၄,၄၉၇ | | | | | | | | | ၂၂,၁၁၅ |
| ၃ | Potassium | ၄,၅၁၃ | ၃,၀၁၂ | ၃,၅၈၃ | ၈,၈၁၈ | | | | | | | | | ၁၉,၉၂၆ |
| ၄ | Compound | ၁၄,၃၅၅ | ၄၃,၄၃၆ | ၇၆,၂၄၃ | ၆၆,၄၉၉ | | | | | | | | | ၂၀၀,၅၃၃ |
| ၅ | Follar | ၁၅ | ၂ | ၁၆၀ | ၁၇၁ | | | | | | | | | ၃၄၈ |
| ၆ | Organic | ၁၂၅ | ၆၅၂ | ၂၀၅ | ၅၂၁ | | | | | | | | | ၁,၅၀၃ |
| ၇ | Gypsum | ၄၅၀ | ၀ | ၁၃၀ | ၃၈၄ | | | | | | | | | ၉၆၄ |
| ၈ | Other | ၁၆၃ | ၁,၁၇၉ | ၃,၁၆၇ | ၁,၃၈၃ | | | | | | | | | ၅,၈၉၂ |
| | စုစုပေါင်း | ၆၅,၄၀၁ | ၁၄၆,၁၆၀ | ၁၅၆,၅၅၂ | ၂၅၄,၀၇၁ | | | | | | | | | ၆၂၂,၁၈၄ |

Source: Customs Department